# လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာ
## မြန်မာနိုင်ငံ

စာစဉ် ၈ | ၁-၃၁ ဩဂုတ် ၂၀၁၄

OCHA

### ဤစာစဉ်တွင်

ရခိုင်ပြည်နယ်ရှိ ကလေးများအတွက် ပညာရေး စာ-၁
ရေဘေးကြောင့် လူ ၃၆,၀၀၀ နေရပ်စွန့်ခွာရ စာ-၂
ရှမ်းပြည်နယ်တွင် ပဋိပက္ခကြောင့် အသက်မွေးဝမ်းကျောင်းမှုများ ထိခိုက် စာ-၃
ရခိုင်ရှိ အမျိုးသမီးများအတွက် မျိုးဆက်ပွားကျန်းမာရေး စာ-၄
လူသားချင်းစာနာမှုရန်ပုံငွေလိုအပ်ချက် ၄၈% ရရှိပြီး စာ-၅


ရခိုင်ပြည်နယ်၊ စစ်တွေရှိ ကျောင်းမှ မိန်းကလေးတစ်ဦး။ ဓာတ်ပုံ - OCHA

## အဓိကအချက်များ

- ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူ ကလေးသူငယ်အများစု မူလတန်း နှင့် အထက်တန်းပညာရေး လုံလောက်စွာ လက်လှမ်းမမှီကြ။
- ပဲခူး၊ ကချင်၊ မွန်နှင့် ရခိုင်ပြည်နယ်များ ရေကြီးမှုဒဏ်ခံခဲ့ရသည်။
- ရှမ်းမြောက်ရှိ ပဋိပက္ခကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများ အသက်မွေးဝမ်းကျောင်းအကူ အညီ အရေးပေါ်လိုအပ်နေသည်။
- ရခိုင်ပြည်နယ်မှ ယာယီစခန်းများရှိ အမျိုးသမီးများ မျိုးဆက်ပွား ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီရေးတွင် အခက် အခဲများနှင့် ရင်ဆိုင်နေရ သည်။

## အဓိက ကိန်းဂဏန်းများ

### ရခိုင်ပြည်နယ် လူသားချင်း စာနာမှုအကူအညီအတွက် လျာထားသော သူများ

| | |
|---|---|
| နေရပ်စွန့်ခွာတိမ်းရှောင်သူ* | ၁၃၇,၀၀၀ |
| အစားအစာမလုံလောက်သူ | ၇၀,၀၀၀ |
| သီးခြားဖြစ်နေသော ရွာများမှ လူများ | ၅၀,၀၀၀ |
| ရပ်ရွာအတွင်းရှိ လူများ | ၅၀,၀၀၀ |

### ကချင်နှင့် ရှမ်းမြောက် လူသားချင်း စာနာမှုအကူအညီအတွက် လျာထားသော သူများ

| | |
|---|---|
| နေရပ်စွန့်ခွာတိမ်းရှောင်သူ* | ၉၉,၀၀၀ |
| ရပ်ရွာအတွင်းရှိ လူများ | ၂၀,၀၀၀ |

## ရန်ပုံငွေ

၁၉၂ သန်း (အမေရိကန်ဒေါ်လာ) တောင်းခံထား

၄၈% ရရှိပြီး

ကိုးကား - UNHCR၊ OCHA၊ CCCM
* မေ၊ ၃၁ ကရရှိသော UNHCR (CCCM) ကိန်းဂဏန်းများ

# ရခိုင်ပြည်နယ်ရှိ ကလေးသူငယ်များအတွက် ပညာရေး လိုအပ်ချက်များရှိနေ

၂၀၁၂ ခုနှစ်က အကြမ်းဖက်မှုများကြောင့် ရခိုင်ပြည်နယ်တွင် လူ ၁၄၀,၀၀၀ ကျော် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်။ ကလေးသူငယ်အများအပြားပါဝင်ပြီး ထိုအချိန်မှစ၍ မူလတန်းနှင့် အထက်တန်း ပညာရေးတို့ကို လုံလောက်စွာ လက်လမ်းမှီခြင်းမရှိကြပေ။ UNICEF၊ Save the Children International (SCI) နှင့် Lutheran World Federation (LWF) အပါအဝင် နိုင်ငံတကာ လူသားချင်း စာနာမှုအဖွဲ့များက ယာယီစခန်းများရှိ ကလေးသူငယ်များအတွက် လွန်ခဲ့သည့် ခြောက်လအတွင်း မူလတန်းပညာရေး စီမံကိန်းများ တိုးချဲ့ပေးထားပြီး နှစ်ဆန်းတွင် ၅၀ ရာခိုင်နှုန်းမှ နှစ်လယ်တွင် ၇၀ ရာခိုင်နှုန်းကျော်သို့ မူလတန်းပညာရေးကို လက်လှမ်းမီမှုတိုးလာကာ ကလေးသူငယ် ၂၃,၅၀၀ ခန့်ကို အကျိုးပြုခဲ့သည်။ ဤလုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်းကို စခန်းများရှိ စာသင်ကြားရေးဝန်ဆောင်မှုများ မြှင့်ပေးခြင်း၊ ဖြည့်စွက်ဆရာများ သင်တန်းပေးခြင်း၊ သင်ကြားရေးပစ္စည်းများဖြန့်ဖြူးခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့သည်။

သို့ရာတွင် စခန်းများရှိ မူလတန်းအရွယ် ကလေးသူငယ် ၃,၅၀၀ ခန့် ပညာရေးကို လက်လှမ်းမှီခြင်း၊ ရခိုင်ပြည်နယ်တွင်း အခြားဒေသများရှိ ထိခိုက်လွယ်သော ကလေးသူငယ် ၂၈,၀၀၀ ဦးတို့ အကူအညီလိုအပ် နေခြင်းတို့နှင့်အတူ လိုအပ်ချက်များစွာ ရှိနေသေးသည်။ နေရပ်စွန့်ခွာတိမ်းရှောင်သူ ကလေးသူငယ်များ သည် လွန်ခဲ့သည့် နှစ်နှစ်အတွင်း အခြေခံသင်တန်းများသာ တက်ရောက်ထားပြီး သင်ကြားရေးအတွေ့ အကြုံ မရှိသလောက်နည်းပါးသော စေတနာ့ဝန်ထမ်း ဆရာဆရာမများ သင်ကြားပေးမှုကိုသာ ရရှိထားသည်။ လူသားချင်းစာနာမှုအဖွဲ့များသည် အရည်အသွေးမြှင့်တင်ပြီး အစိုးရ ပညာရေးစနစ်နှင့် ချိတ်ဆက်မှုကို အားပေးရန်အတွက် မြန်မာနိုင်ငံ အမျိုးသား သင်ရိုးညွှန်းတမ်းနှင့်အညီ စခန်းများတွင် ပို့ချနေသည့် သင်ရိုးညွှန်းတမ်းကို ချဲ့ထွင်ရေးအတွက် ရင်းမြစ်များ ရှာဖွေရန် ဆောင်ရွက်လျှက်ရှိသည်။

### အထက်တန်းပညာရေး နောက်ကျနေ

ပညာရေးကို လက်လှမ်းမှီမှုမရှိသော စခန်းများနှင့် ရပ်ရွာအတွင်းရှိ ဆယ်ကျော်သက်အရွယ်များ (အသက် ၁၁-၁၇ နှစ်) အတွက် လိုအပ်ချက် များစွာရှိနေသည်။ လက်ရှိအခြေအနေတွင် ခန့်မှန်းခြေ ဆယ်ကျော်သက်အရွယ် ကလေးသူငယ် ၂၄,၅၀၀ ဦးခန့်သာ နိုင်ငံတကာအဖွဲ့အစည်းများက ပေးအပ်သည့် စာသင်ခန်းပြင်ပ စာတတ်မြောက်ရေးအစီအစဉ်များကို လက်လှမ်းမှီကြသည်။ ဤထိခိုက်လွယ်သူများကို ဆက်လက်လျစ်လျူရှုပါက ရွှေ့ပြောင်းသွားလာခြင်း၊ လူကုန်ကူးခြင်း၊ ရာဇဝတ်မှုနှင့် အခြား ခေါင်းပုံဖြတ်မှုအန္တရာယ်များမှ ကာကွယ်ပေးနိုင်မည်မဟုတ်ပေ။

နိုင်ငံတကာအဖွဲ့အစည်းများတွင် ၂၀၁၄ အကုန်ထိ အထက်တန်းပညာရေးဝန်ဆောင်မှုများ တိုးချဲ့ရန် ရန်ပုံငွေအချို့ အသင့်ရှိသော်လည်း ယင်းမှာ ဆယ်ကျော်သက်အရွယ် IDP ၃၀ ရာခိုင်နှုန်းခန့်ထက် ပို၍ ကာမိရန် မလွယ်ကူဘဲ သီးခြားဖြစ်နေသော ပတ်ဝန်းကျင် ရပ်ရွာလူထုအတွင်းမှ ထိခိုက်လွယ်သူ ဆယ်ကျော်သက် ၆၀,၀၀၀ ခန့် ပညာရေးအခွင့်အလမ်းများ ရရှိနိုင်မည်မဟုတ်ပေ။

## ရခိုင်ပြည်နယ်ရှိ လူထုအသိုင်းအဝိုင်းအားလုံးအတွက် ပညာရေး အထောက်အပံ့ပေးခြင်း

ရခိုင်ပြည်နယ်ရှိ ကလေးသူငယ်အားလုံး၏ ၃၀ ရာခိုင်နှုန်းများ မူလတန်းကျောင်းတက်ရောက်ခြင်းမရှိဘဲ တစ်နိုင်ငံလုံး ပျမ်းမျှတက်ရောက်မှုနှုန်း ၂၃ ရာခိုင်နှုန်းရှိသော မူလတန်းအကြို ပညာရေးကို ကလေးသူငယ် ၅ ရာခိုင်နှုန်းသာ လက်လှမ်းမီကြသည်။ UNICEF သည် မြို့နယ်အသစ်ငါးခုတွင် ပညာရေး အရည်အသွေးနှင့် လက်လှမ်းမီမှု မြှင့်တင်ပေးမည့် ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများအပါအဝင် နေရပ်စွန့်ခွာတိမ်းရှောင်သူကလေးသူငယ်များအတွက် အရေးပေါ်ပညာရေးအကူအညီများပါဝင်သော နှစ်နှစ်ကာလ ပြည်နယ်ပညာရေးလုပ်ငန်းစီမံကိန်းကို မကြာမီက ထုတ်ပြန်ခဲ့သည်။ သို့ရာတွင် ပညာရေး အစီအစဉ်များ အရှိန်မြှင့်ရန် အဖွဲ့အစည်းများအတွက် ရန်ပုံငွေနှင့် အကောင်အထည်ဖော်နိုင်စွမ်းတို့ လိုအပ်နေသည်။

# ရေကြီးမှုကြောင့် လူ ၃၆,၀၀၀ ဦးကျော် နေရပ်စွန့်ခွာရ

*ရေဘေးဒဏ်ခံရသူအများစုမှာ အခြား အသက်မွေးဝမ်းကျောင်းမှုအခွင့်အလမ်း မရှိကြသော ကျပန်းလုပ်သားများ၊ တံငါသည်များနှင့် လယ်သမား များဖြစ်ကြသည်။*

အစိုးရ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီဌာန (RRD) ၏ ထုတ်ပြန်ချက်အရ ဩဂုတ်လ ပထမပတ်အတွင်း ပဲခူးခရိုင်အတွင်း လူ ၂၅,၀၀၀ ကျော် ရေကြီးမှုဒဏ်ခံခဲ့ရပြီး လူ ၁၆,၀၀၀ ကျော် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်။ ပဲခူးမြစ်ရေလျှံခြင်းကြောင့် အနီးဝန်းကျင်ရွာများနှင့် လယ်ကွင်းများ ရေနစ်မြုပ်ခဲ့ပြီး ဒေသခံများ နေရပ်စွန့်ခွာတိမ်းရှောင်ရကာ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် အခြားအဆောက်အအုံများတွင် ယာယီ မှီခိုခဲ့ရသည်။ ဘေးဒဏ်သင့်ဒေသများတွင် လိုအပ်ချက် အကဲဖြတ်လေ့လာမှု ဆောင်ရွက်ခဲ့သော ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) ၏ အစီရင်ခံမှုအရ ရေဘေးဒဏ်ခံရသူအများစုမှာ အခြား အသက်မွေးဝမ်းကျောင်းမှုအခွင့်အလမ်း မရှိကြသော ကျပန်းလုပ်သားများ၊ တံငါသည်များနှင့် လယ်သမားများဖြစ်ကြသည်။



စားနပ်ရိက္ခာများသယ်ဆောင်လာသည့် ရေဘေးသင့်ပြည်သူများ။ ဓာတ်ပုံ - WFP

အာဏာပိုင်များက စားနပ်ရိက္ခာနှင့် အခြား အစားအစာမဟုတ်သော ပစ္စည်းများစသည့် အရေးပေါ်အကူအညီများ ပေးအပ်ထားကြသည်။ အရေးပေါ်အစားအစာ အကူအညီပေးအပ်ရန် ပြည်နယ်နှင့် ပြည်ထောင်စုအစိုးရမှ တောင်းဆိုမှုအရ ဩစတြေးလျအစိုးရ အကူအညီဖြင့် WFP သည် ပဲခူးရှိ တည်နေရာ ၅၆ ခုမှ ရေဘေးသင့် ပြည်သူ ၂၅,၈၀၀ ဦးခန့်အတွက် နှစ်ပတ်စာ အစားအစာများ ဖြန့်ဝေပေးခဲ့သည်။ အစားအစာများတွင် ဆန်၊ ပဲနှင့် ဆားတို့ ပါဝင်သည်။ အရေးပေါ်တုံ့ပြန်မှုကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ခရိုင်အရာရှိများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ နှင့် ယာယီစခန်း စီမံခန့်ခွဲရေးအဖွဲ့ဝင်များအပါအဝင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးဝန်ထမ်းအများ အပြားက ကူညီပံ့ပိုးခဲ့သည်။

### မြန်မာနိုင်ငံအနှံ့တွင် ရေကြီးမှုဖြစ်ပွား

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်တွင် ဩဂုတ်လကုန်ပိုင်းက မိုးသည်းထန်မှုကြောင့် ရေကြီးခဲ့ပြီး လူ ၃,၄၀၀ ကျော် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်။ လူများမှာ ဘုန်းကြီးကျောင်းများနှင့် ခရစ်ယာန်ဘုရားကျောင်းများတွင် ယာယီခိုလှုံခဲ့ရသည်။ ဒေသခံမီဒီယာအစီရင်ခံမှုများအရ ဒေသခံစေတနာ့ဝန်ထမ်းများက ရေဘေးသင့် ပြည်သူများအား မှီခိုရာနေရာများသို့ ပြောင်းရွှေ့ပေးပြီး အစားအစာအထောက်အပံ့များ ပေးအပ်ခဲ့သည်။

မွန်ပြည်နယ်တွင် လူ ၇,၀၀၀ ခန့်ကို အရေးပေါ် ယာယီရွှေ့ပြောင်းပေးခဲ့ရကာ ရခိုင်ပြည်နယ်တွင် ရေကြီးမှုနှင့် မြစ်ရေလျှံမှုတို့ကြောင့် လူ ၆,၄၀၀ ကျော် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်။ RRD ၏ ထုတ်ပြန်ချက်အရ ရွှေ့ပြောင်းသူများမှာ မိမိတို့နေအိမ်များသို့ ပြန်သွားကာ စခန်းများကို ပိတ်လိုက်ပြီဖြစ်သည်။ ဩဂုတ်လအတွင်း ရေကြီးမှု သို့မဟုတ် လေပြင်းတိုက်ခတ်မှုကြောင့် စုစုပေါင်း လူ ၃၆,၀၀၀ ဦး နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်။ အခြေအနေအများစုတွင် လူများသည် ဆွေမျိုးများထံ၊ ဘုန်းကြီးကျောင်းများ သို့မဟုတ် ကျောင်းများတွင် ယာယီခိုလှုံခဲ့ကာ ရက်အနည်းငယ်အတွင်း မိမိတို့အိမ်များသို့ ပြန်နိုင်ခဲ့သည်။ နှစ်စဉ်ဖြစ်ပွားသော ရေကြီးမှု သို့မဟုတ် လေပြင်းတိုက်ခတ်မှုက မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးကို ပိုမိုအားကောင်းအောင် ဆောင်ရွက်ရေး အရေးပါပုံကို မီးမောင်းထိုးပြနေသည်။

## ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများ အတွက်အသက်မွေးဝမ်းကျောင်းထောက်ပံ့မှုအကူအညီများ လိုအပ်

*ယင်းနေရပ်စွန့်ခွာသူအများစုမှာ လွန်ခဲ့သည့် သုံးနှစ်အတွင်း အကြိမ်ကြိမ် နေရပ်စွန့်ခွာတိမ်းရှောင်ရမှုများနှင့် ကြုံတွေ့ခဲ့ရသည်။*

မြန်မာ့တပ်မတော်နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ အခြား လက်နက်ကိုင်အဖွဲ့များကြား ၂၀၁၂ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သော ပဋိပက္ခကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လူ ၅,၀၀၀ ကျော် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်ဟု ခန့်မှန်းရသည်။ နောက်ဆုံးအနေဖြင့် ဇူလိုင် ၂၀၁၄ တွင် နမ့်ခမ်းမြို့နယ်၌ လူ ၈၀၀ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်။ ဒေသအတွင်း လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့များ၏ အစီရင်ခံမှုအရ ဤလူများမှာ ယခုအခါ မန်ပူရွာရှိ မိမိတို့ အိမ်များသို့ ပြန်သွားကြပြီဖြစ်သည်ဟု သိရသည်။ ယင်းနေရပ်စွန့်ခွာသူအများစုမှာ လွန်ခဲ့သည့် သုံးနှစ်အတွင်း အကြိမ်ကြိမ် နေရပ်စွန့်ခွာတိမ်းရှောင်ရမှုများနှင့် ကြုံတွေ့ခဲ့ရသည်။

လက်ရှိအခြေအနေတွင် လူသားချင်းစာနာမှုအဖွဲ့များက နေရပ်စွန့်ခွာတိမ်းရှောင်သူများအား အစားအစာအကူအညီ၊ မှီခိုရာနေရာ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအကူအညီများ ပေးအပ်ထားသည်။ MSF ကလည်း နယ်လှည့်ဆေးပေးခန်းများ ဖွင့်လှစ်ထားသည်။ ဤလုပ်ငန်းအများစုမှာ ဒေသခံ NGO များဖြစ်သော KMSS သို့မဟုတ် KBC တို့နှင့် ပူးပေါင်းဆောင်ရွက်ထားခြင်းဖြစ်သည်။ လူသားချင်းစာနာမှုအခြေအနေကို အကဲဖြတ်လေ့လာရန် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) မှ မကြာမီက နမ့်ခမ်း၊ မူဆယ်နှင့် မန်ဝိန်းကြီးရှိ စခန်းများသို့ သွားရောက်ခဲ့သော ခရီးစဉ်အတွင်း အရေးကြီးသော လိုအပ်ချက်များ ဖြည့်ဆည်းပေးထားပြီးဖြစ်ကာ နေရပ်စွန့်ခွာ တိမ်းရှောင်သူအများအပြားက အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ သို့မဟုတ် တိုက်ရိုက်ငွေကြေးအကူအညီများ လိုအပ်မှုကို ထောက်ပြခဲ့သည်။ ပဋိပက္ခဖြစ်ပွားပြီး သုံးနှစ်အကြာတွင် ဤအကူအညီများက လူသားချင်းစာနာမှုအကူအညီပေါ် မှီခိုနေရမှုကို လျှော့ချပေးကာ ပိုမိုအမှီအခိုကင်းလာစေမည်ဟု ၎င်းတို့က ဆိုသည်။ နေရပ်စွန့်ခွာတိမ်းရှောင်သူများက မိမိတို့နေရပ်ပြန်လိုကြောင်းနှင့် မိမိတို့

ကလေးသူငယ်များ စခန်းပြင်ပတွင် ရှင်သန်ကြီးပြင်းစေလိုကြောင်းလည်း ထုတ်ဖော်ပြောကြားထား သည်။

*အရေးပေါ် ကြိုတင် ပြင်ဆင်ရေးနှင့် အရေးပေါ်ပစ္စည်းများ ကြိုတင်သိုလှောင်ရေးတို့ အရေးကြီးသည်။*

**ဆောင်းရာသီအတွက် ပြင်ဆင်ခြင်း**

ဒေသတွင်းရှိ လူသားချင်းစာနာမှုအဖွဲ့များက နောက်ဆုံး နေရပ်စွန့်ခွာတိမ်းရှောင်သူများ၊ အအေးပိုသည့် နေရာတွင် နေထိုင်ရသည့် နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် အနွေးထည်ဟောင်းများ မတော်တော့ သည့် ကလေးသူငယ်များအတွက် ဆောင်းရာသီအဝတ်အထည်များနှင့် စောင်များလိုအပ်သည်ဟု အစီရင်ခံထားကြသည်။ ထို့ပြင် မီးခိုရာနေရာအကူအညီပေးအပ်နေသည့် အဖွဲ့များက မီးခိုရာနေရာ လုံလောက်စွာ တည်ဆောက်ရန်နှင့် နေရပ်စွန့်ခွာတိမ်းရှောင်သူအသစ်များ၏ နေထိုင်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် သင့်တော်သော မြေနေရာလိုအပ်ကြောင်း တင်ပြထားသည်။

လက်ရှိအချိန်တွင် ဒေသတည်ငြိမ်မှုရှိနေသည့်အလျောက် တင်းမာမှုများ၊ မကြာခဏတိုက်ပွဲ ဖြစ်ပွားမှု များ၊ မကြာခဏ ရေကြီးမှုနှင့် မြေပြိုမှုများ၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နေရပ်စွန့်ခွာတိမ်းရှောင်သူများ အား လက်ခံထားသည့် ဒေသအချို့ကို သွားလာရန်ခက်ခဲခြင်းတို့ကြောင့် အရေးပေါ် ကြိုတင်ပြင်ဆင် ရေးနှင့် အရေးပေါ်ပစ္စည်းများ ကြိုတင်သိုလှောင်ရေးတို့ အရေးကြီးသည်။ အဖွဲ့အစည်းအချို့က မူဆယ် နှင့် လားရှိုးတို့တွင် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ကြိုတင်သိုလှောင်ထားကြသည်။

## ရခိုင်ပြည်နယ်ရှိ ထိခိုက်လွယ်သော အမျိုးသမီးများအတွက် မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများ မလုံလောက်

ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူအများအပြားမှာ မျိုးဆက်ပွား ကျန်းမာရေးဝန်ဆောင်မှုများ အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရေးတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရ သည်။ UNFPA မှ ထောက်ပံ့ပေးထားသော သားဖွားဆရာမ ၁၀ ဦးနှင့် ဆရာဝန်၊ ကျန်းမာရေးမှူးများ ပါဝင်သည့် နယ်လှည့်ဆေးပေးခန်း ၁၈ ခုမှ စခန်းများရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ရပ်ရွာအတွင်း ရှိ လူ ၉၀,၀၀၀ တို့အား လိုအပ်နေသည့် မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများ ပေးအပ်လျက်ရှိ သည်။ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့်အတူ ဆောင်ရွက်နေသော နယ်လှည့်ဆေးပေးခန်းများသည် လူထုအသိုင်းအဝိုင်းကြား ဖြစ်ပွားသည့် ပဋိပက္ခ ဒဏ်ခံ ထားရသည့် မြို့နယ်များတွင် နေ့စဉ် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက် လျှက်ရှိသည်။



မေလဆန်းမှစ၍ သားဖွား ဆရာမများက စစ်တွေ၊ မြေပုံ၊ ပေါက်တော၊ ရသေ့တောင်နှင့် မြောက်ဦးမြို့နယ်များတွင် ဝန် ဆောင်မှုများ ပေးအပ်ခဲ့သည်။ ဝန်ဆောင်မှုများ ပေးအပ်စဉ် အတွင်း နယ်လှည့်ဆေးပေး ခန်းများသည် ကိုယ်ဝန်ဆောင် မိခင်များတွင် အန္တရာယ်မြင့် မားသည့် ရောဂါလက္ခဏာများ တွေ့ရှိခဲ့ပြီး ယင်းလူနာများ

စစ်တွေရှိ အုန်းတောကြီး ၁ စခန်းတွင် သားဖွားဆရာမတစ်ဦးက ကလေးသူငယ်များ အသက်အန္တရာယ်ရှိသည့် ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားသည့်အခါ ကုသရန် ဓာတ်ဆားရည် မည်သို့ ဖျော်ရသည်ကို ပြသနေစဉ်။ ဓာတ်ပုံ - UNFPA

အား စစ်တွေ သို့မဟုတ် ဒါးပိုင်ရှိ ဆေးရုံများသို့အထူး ကုသမှုခံယူရန် လွှဲပြောင်းပေး ခဲ့သည်။

*သားဖွားဆရာမများ စခန်းများတွင် ညအိပ်နေထိုင်ခွင့်မရှိပေ။*


သို့ရာတွင် မျိုးဆက်ပွားကျန်းမာရေးလုံလောက်မှုရှိစေရန် အခက်အခဲများစွာ ရှိနေသေးသည်။ UNFPA ၏ တင်ပြချက်အရ ယခု ရှိနေသော သားဖွား ဆရာမ ဆယ်ဦးနှင့် အရန်သားဖွားဆရာမ ငါးဦးတို့မှာ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ထိခိုက်လွယ်သော ရပ်ရွာလူထုများအား မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် မလုံလောက်ပေ။ ပြည်နယ်ကျန်းမာရေးဦးစီးဌာနက အမျိုးသား ကျန်းမာရေးဝန်ထမ်းများကို ဆေးပေးခန်းများတွင် ညပိုင်းတာဝန်ချထားမှုကို စတင်ဆောင်ရွက်ထားသော်လည်း သားဖွားဆရာမများ စခန်းများတွင် ညအိပ်နေထိုင်ခွင့်မရှိသောကြောင့် လိုအပ်နေသူများအား အရေးပေါ် ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်သည့် အချိန်ပမာဏ အကန့်အသတ်ရှိနေသည်။

# လူသားချင်းစာနာမှုရန်ပုံငွေ လိုအပ်ချက် ၄၈% ရရှိထား

ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့များသည် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှု ရန်ပုံငွေ လိုအပ်ချက်များကို ကာမိရန် အမေရိကန်ဒေါ်လာ ၁၉၂ သန်း တောင်းဆိုထားသည်။ ယင်းမှာ ရခိုင်၊ ကချင်နှင့် ရှမ်းမြောက်ရှိ ပဋိပက္ခဒဏ်သင့်သူ ၄၂၁,၀၀၀ တို့အား ကူညီရန် လိုအပ်ချက်ဖြစ်သည်။ ၂၀၁၄ စက်တင်ဘာ ၅ ရက်နေ့ထိ အလှူရှင်များက ဒေါ်လာ ၉၂.၆ သန်းပေးအပ်ထားကာ တောင်းဆိုမှု၏ ၄၈ ရာခိုင်နှုန်းရရှိထားသည်။

*ဥရောပသမဂ္ဂ (ECHO) သည် ၂၀၁၄ ခုနှစ် အတွင်း မြန်မာနိုင်ငံ အတွက် အများဆုံး လှူဒါန်းသည့် အဖွဲ့အစည်း ဖြစ်သည်။*

ဥရောပသမဂ္ဂ (ECHO) သည် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံအတွက် ဒေါ်လာ ၂၆.၈ သန်း ပေးအပ်ရန် ကတိပြုထားသော အများဆုံးလှူဒါန်းသည့် အဖွဲ့အစည်းဖြစ်သည်။ ECHO နောက်တွင် ယူနိုက်တက် ကင်းဒမ်း (ဒေါ်လာ ၂၀.၈ သန်း)၊ ဂျပန် (ဒေါ်လာ ၁၉.၃ သန်း)၊ အမေရိကန် (ဒေါ်လာ ၁၁.၂ သန်း)၊ ဩစတြေးလျ (ဒေါ်လာ ၉.၃ သန်း)၊ ဆွီဒင် (ဒေါ်လာ ၆.၃ သန်း)၊ ဆွစ်ဇာလန် (ဒေါ်လာ ၅.၈ သန်း)၊ CERF (ဒေါ်လာ ၅.၅ သန်း)၊ ဒိန်းမတ် (ဒေါ်လာ ၄.၉ သန်း) နှင့် ဂျာမနီ (ဒေါ်လာ ၄.၂ သန်း) တို့ ရှိသည်။




.

(၁၀/၀၈/၁၄ ထိ)

**<u>ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်</u>**

- အီဗာ မော့ဒ်ဗစ်ဂ်၊ လူသားချင်းစာနာမှုဆိုင်ရာ အစီရင်ခံစာ တင်သွင်းရေးနှင့် ပြန်ကြား ဆက်ဆံရေး အရာရှိ၊ modvig@un.org ၊ ဖုန်း ၀၉ ၄၂၀၂ ၇၅၈၇၇
- ပီယာ ပီရုမ်း၊ ပြန်ကြားရေးအရာရှိ၊ peronp@un.org ၊ ဖုန်း ၀၉ ၂၅၀၁ ၉၈၉၉၇
- OCHA လူသားချင်း စာနာမှုဆိုင်ရာ သတင်းလွှာများကို www.reliefweb.int တွင်လည်း ရယူနိုင်ပါသည်။

## OCHA Myanmar is now on Facebook:

## http://www.facebook.com/OCHAMyanmar